# ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာ ကောက်နုတ်ချက်များ

## ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းနှင့် မသန်စွမ်းဖြစ်ခြင်းဆိုင်ရာခန့်မှန်းချက်

မြန်မာနိုင်ငံအနေဖြင့်ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ မသန်စွမ်းဖြစ်ခြင်း၊ ကလေးသူငယ်များတွင် ဖြစ်လေ့ရှိသည့် အပြုအမူများနှင့် ပတ်သက်ပြီး ဖြစ်ပေါ်နေသည့်နှုန်းထားကို အမျိုးသားအဆင့် သုံးသပ်ချက်မျိုးမရှိပါ။ ထို့ကြောင့် ရှေးဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများ အတွက် သင့်လျော်သောစီမံချက် နှင့် ဦးတည်ပြုလုပ်နိုင်မည့် ရည်ရွယ်ချက်များအတွက် လေ့လာဆန်းစစ်မှုများ ပြုလုပ်ရန် အရေးတကြီးလိုအပ်နေပြီ ဖြစ်ပါသည်။

- အလယ်အလတ်မှအပြင်းစား ပုညက်မှု ၃၅. ၁ %၊
- ကလေးသူငယ်သွေးအားနည်းရောဂါ ၆၄. ၆ % နှင့်
- အသက် ၅ နှစ်အောက်ကလေးများ မသန်စွမ်းဖြစ်ရခြင်း၏ ခန့်မှန်းခြေနှုန်းထား ၇%

တို့ကိုဆက်စပ်ပြီး


- မြန်မာကလေးသူငယ်နှင့် ၎င်းတို့၏မိသားစုများ အနည်းဆုံး ၄၂ % မှ ၄၅ % အထိသည်

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများ လိုအပ်လျက်ရှိကြောင်း ခန့်မှန်းနိုင်ပါသည်။

*မြန်မာနိုင်ငံအတွင်းရှိ ကလေးသူငယ်များ၏ အခြေအနေမှာ အမျိုးသားရေးဆိုင်ရာအရေးပေါ်အခြေအနေအဖြစ် ရောက်ရှိနေပြီဖြစ်ပါသည်။*

ကလေးသူငယ်ဖွံ့ဖြိုးရေး၊ လူ့အခွင့်အရေးနှင့် မသန်စွမ်းအခွင့်အရေးများရရှိရေး၊ အမျိုးသားလုပ်သားအင်အားစု၏ထုတ်လုပ်နိုင်စွမ်းတိုးမြှင့်ရေး၊ အနာဂတ်တွင်ကျန်းမာရေး၊ အာဟာရနှင့် ကုစားမှုပညာပေးလုပ်ငန်းအတွက် ကုန်ကျနေရသည့် စရိတ်များအား လျှော့ချနိုင်ရေးအတွက် အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းစနစ်တစ်ရပ်ဖော်ထုတ်ရန် မဖြစ်မနေလိုအပ်လျက် ရှိနေပါသည်။

## နိုင်ငံတကာသုတေသနရလဒ်များ





*Diffusion Weighted Imaging (derived from Magnetic Resonance Imaging)*
Yingying Wang, Ph.D., Borjan Gagoski, Ph.D., Danielle Sliva, Ph.D., Meaghan Mauer, Ph.D., Nadine Gaab, Ph.D., & Charles A. Nelson

အထက်ပါပုံအရ ပုညက်သောကလေးများတွင် သိသာထင်ရှားသော ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းများတွေ့ရခြင်း၏အကြောင်းအရင်းကို သိရှိနိုင်ပါသည်။ ပုညက်သောကလေးများ၏ ဦးနှောက်တွင်းအာရုံကြောလမ်းကြောင်းများသည် ဖွံ့ဖြိုး၍အာဟာရပြည့်ဝသော ကလေးများ၏ ဦးနှောက်တွင်း အာရုံကြောလမ်းကြောင်းများနှင့် ယှဉ်လျှင် ကျဉ်းမြောင်းနည်းပါးနေသည်ကိုတွေ့ရပါသည်။

## ECI ကိုအစောဆုံးစတင်ရမည်

ကလေးများ၏ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးခြင်းကို စောစောတွေ့ရှိပြီး ECI ဝန်ဆောင်မှုများစောစောပေးနိုင်လေလေ၊ အကျိုးရလဒ်များ ပိုကောင်းလေလေဖြစ်ပါသည်။ ကလေးသူငယ်များ၏ ၇၀% ခန့်သည် အသက် ၃ နှစ်အရွယ်တွင် ပုံမှန်ဖွံ့ဖြိုးမှုအဆင့်များ၏ အနီးသို့ ရောက်လာနိုင်ပါသည်။ သို့သော် အသက် ၅နှစ်အထိ နောက်ဆက်တွဲပံ့ပိုးမှုများအား ဆက်လက်ဆောင်ရွက်သွားသင့်ပါသည်။

### ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးအတွက်ရင်းနှီးမြှုပ်နှံမှုမှ စီးပွားရေးအကျိုးများမှု




*နိုင်ငံပေါင်းများစွာမှ သုတေသနတွေ့ရှိချက်များအရ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးတွင် တစ်ဒေါ်လာ ရင်းနှီးမြှုပ်နှံပါက အကျိုးအမြတ်အားဖြင့် သုံးဒေါ်လာမှ (၁၇) ဒေါ်လာထိ ရှိကြောင်းတွေ့ရှိရ၍ အလွန်အကျိုးများသောရင်းနှီးမြှုပ်နှံမှု ဖြစ်ပါသည်။* (Heckman, 2006)





ECCD မူဝါဒ မဟာဗျူဟာ - ၃

## ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများ၊ မွေးစမှ ၅ နှစ် အထိ။

ECI မဟာဗျူဟာလုပ်ငန်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံအနေနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ (SDG) (၂၀၁၆-၂၀၃၀)၊ ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်းတို့ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကလေးသူငယ်များ၏ဖွံ့ဖြိုးတိုးတက်မှုအား ပိုမိုကောင်းမွန်စေမည်ဖြစ်ပါသည်။

### ECI အနာဂတ်မျှော်မှန်းချက် (Vision)

ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ အာဟာရချို့တဲ့ခြင်း၊ မသန်စွမ်းခြင်းနှင့် အခြားအထူးလိုအပ်ချက်များရှိခြင်းစသည့် ဖွံ့ဖြိုးမှုနှောင့်နှေးဖွယ်ရှိသည့် မြန်မာနိုင်ငံရှိမွေးစမှအသက်ငါးနှစ်အရွယ်ရှိကလေးသူငယ်များ အားလုံးသည် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်နိုင်ခြေရှိသည့်အလားအလာများကို အပြည့်အဝရရှိရန်နှင့် ၎င်းတို့၏ အခွင့်အရေးများကိုခံစားရရှိနိုင်ရန် အရည်အသွေးမြင့်မားသည့် ECI ဝန်ဆောင်မှုများကို ရရှိနိုင်ရမည်။

### SDG ဦးတည်ချက် ၄.၂

၂၀၃၀ ခုနှစ်တွင် မိန်းကလေးများနှင့် ယောက်ျားလေးများအားလုံးသည် သူတို့၏ အခြေခံပညာရေးအတွက် အဆင်သင့် သင်ကြားနိုင်ရန်၊ အရည်အချင်းပြည့်မီသော ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှု၊ စောင့်ရှောက်မှုနှင့် အကြိုအခြေခံပညာရေးတို့ကို ရရှိပြီးဖြစ်ရမည်။

မသန်စွမ်းသူများအခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း **(CRPD)** အပိုဒ် ၂၃/၃ နှင့် ၂၅(ခ) တို့ပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ရေးနှင့် အပြည့်အဝကိုက်ညီပြီး အထောက်အကူပြုပါသည်။

**အပိုဒ် ၂၃/၃** အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းကလေးများအနေဖြင့် မိသားစုဘဝနှင့်ပတ်သက်၍ တန်းတူအခွင့်အရေးရရှိစေရန်အတွက် အသေအချာဆောင်ရွက်ပေးရမည်။ ထိုရပိုင်ခွင့်များကို အကောင်အထည်ဖော်ရန်အတွက်လည်းကောင်း၊ မသန်စွမ်းကလေးငယ်များအား ကွယ်ဝှက်ထားခြင်း၊ စွန့်ပစ်ခြင်း၊ လျစ်လျူရှုခြင်းနှင့် ခွဲခြားခြင်းတို့အား တားဆီးရန်အတွက်လည်းကောင်း အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မသန်စွမ်းသူကလေးငယ်များနှင့် ၎င်းတို့မိသားစုများအတွက် ပြီးပြည့်စုံသောသတင်းအချက်အလက်၊ ဝန်ဆောင်မှုများနှင့် ပံ့ပိုးမှုများကို စောစီးစွာရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်။

**၂၅(ခ)** အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများ၏မသန်စွမ်းမှုကြောင့် အထူးလိုအပ်နေသော အဆိုပါကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စောစီးစွာရှာဖွေသတ်မှတ်ခြင်းနှင့် ဖြေရှင်းဆောင်ရွက်ပေးခြင်းများကို လိုအပ်သလိုပံ့ပိုးပေးခြင်း၊ မသန်စွမ်းကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများထပ်မံကြုံတွေ့လာနိုင်သည့် မသန်စွမ်းဖြစ်မှုများကို လျှော့ချကာကွယ်ရန်စီမံဆောင်ရွက်မှုများ ပြုလုပ်ပေးရမည်။





## အမျိုးသားအဆင့် ECI စနစ်၏ အခြေခံရည်မှန်းချက်များ

စောင့်ရှောက်မှု၊ ဘေးကင်းမှု၊ အကာအကွယ်နှင့်သန့်ရှင်းမှုရှိသော အိမ်ပတ်ဝန်းကျင်အခြေအနေများကို ဖန်တီးရန် တစ်ဦးချင်းအလိုက်ဝန်ဆောင်မှုပေးသည့်အစီအစဉ်များကို အကောင်အထည်ဖော်ခြင်းဖြင့် မိဘများ၊ ပညာရှင်များနှင့် အတူတကွဆောင်ရွက်နေသော ECI ဝန်ဆောင်မှုလုပ်ငန်းများက ဖွံ့ဖြိုးမှုနှောင့်နှေးဖွယ်အလားအလာရှိသော ကလေးသူငယ်များကို ဖော်ထုတ်မည်၊ ကြည့်ရှုစစ်ဆေးမည်၊ စမ်းသပ်အကဲဖြတ်မည်။

- ECI ဝန်ဆောင်မှုလုပ်ငန်းများကို ၂၀၁၅ ခုနှစ်မှ ၂၀၁၇ခုနှစ်အထိ ပြုစုရေးသားမည်။
- ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်းတွင် ရှေ့ပြေးစီမံကိန်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သုံးခုတွင် အကောင်အထည်ဖော်မည်။
- ECI ဝန်ဆောင်မှုလုပ်ငန်းများကို ဆက်တိုက်တိုးချဲ့လျက်၊ ၂၀၂၁ ခုနှစ်တွင် ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအားလုံးပါဝင်သော ဒေသပေါင်း ၂၁ ခုတွင် ECI ဝန်ဆောင်မှုလုပ်ငန်းအချို့ စတင်ပြီးဖြစ်မည်။
- ၂၀၂၅ ခုနှစ်တွင် မြို့နယ်များအားလုံးရှိရပ်ကွက်များတွင် ဖွံ့ဖြိုးမှုနှောင့်နှေးဖွယ်အလားအလာရှိသော ကလေးသူငယ်များအားလုံးကို ဝန်ဆောင်မှုပေးမည်။

| ECI မဟာဗျူဟာဦးစားပေးအစီအစဉ်များ | |
|---|---|
| *မဟာဗျူဟာ (၁)* | *အသိပေးလှုံ့ဆော်၊ ပြန်ကြားဆက်သွယ်ရေးများနှင့် ECI ဝန်ဆောင်မှုများအကြောင်း အသိပညာပေးခြင်း* |
| *မဟာဗျူဟာ (၂)* | *ရပ်ရွာအရောက်သွားရောက်ဝန်ဆောင်မှုပေးခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုတိုင်းတာစစ်ဆေးခြင်းနှင့် ညွှန်းပို့ခြင်း* |
| *မဟာဗျူဟာ (၃)* | *ECI ဝန်ဆောင်မှုလုပ်ငန်းများ ဖော်ဆောင်ခြင်း* |
| *မဟာဗျူဟာ (၄)* | *ECI ဝန်ဆောင်မှုပေးသူများအတွက် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်တွင်း သင်တန်းဖော်ဆောင်ရေးနှင့် သင်တန်းပေးခြင်း* |
| *မဟာဗျူဟာ (၅)* | *ECI ဝန်ဆောင်မှုလုပ်ငန်းများထူထောင်ခြင်း၊ အဆင့်လိုက်တိုးချဲ့ခြင်း* |
| *မဟာဗျူဟာ (၆)* | *ECI လုပ်ငန်းတာဝန်ယူမှု* |
| *မဟာဗျူဟာ (၇)* | *ကဏ္ဍပေါင်းစုံညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း* |
| *မဟာဗျူဟာ (၈)* | *ECI စနစ်ဖွဲ့စည်းပုံ၊ နှစ်စဉ်လုပ်ငန်းအစီအစဉ်နှင့် ဘဏ္ဍာငွေခွဲဝေခြင်း* |





# ECI ဝန်ဆောင်မှုလုပ်ငန်းများ အခြေပြဇယား

- ရပ်ရွာအရောက်သွားခြင်းနှင့် ကလေးရှာဖွေမှု
- ↓
- ကလေးကြည့်ရှုစစ်ဆေးခြင်း
  - → ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းမရှိ/ စိုးရိမ်စရာမရှိခဲ့လျှင် ECCD လုပ်ငန်းသို့ညွှန်းပို့ခြင်း → အလယ်အလတ်အဆင့်မှ အနည်းငယ်သာကြပ်မတ်ရသည့် ဝန်ဆောင်မှုများသို့ လွှဲပေးခြင်း
  - → စိုးရိမ်စရာမရှိခဲ့လျှင် ပြန်လည်ကြည့်ရှုစစ်ဆေးမည့် စာရင်းသို့ ထည့်သွင်းခြင်း → ၆ လ ပြည့်ပြီးနောက် ကလေးကို ပြန်လည် ကြည့်ရှုစစ်ဆေးခြင်း
- ↓
- ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း ရှိခဲ့လျှင် ECI လုပ်ငန်းသို့ညွှန်းပို့ခြင်း
- ↓
- ECI သို့ ဝင်ရောက်မှုအစပိုင်း
- ↓
- အဖွဲ့ဝင်များအဖြစ် မိဘများနှင့်အတူ ကလေးဖွံ့ဖြိုးမှုဆိုင်ရာနယ်ပယ်စုံကျွမ်းကျင်သူများအဖွဲ့ ဖွဲ့စည်းခြင်းနှင့် EIS ဦးဆောင်မှု
- ↓
- မိဘများ၊ ကျွမ်းကျင်သူများနှင့်အတူ ကလေးနှင့်မိသားစုဆိုင်ရာအကဲဖြတ်ခြင်း
- ↓
- အကျိုးဝင်ကိုက်ညီမှုထူထောင်ခြင်း
  - → အကျုံးမဝင်လျှင် ပြန်လည်ကြည့်ရှုစစ်ဆေးမည့်စာရင်းသို့ ထည့်သွင်းခြင်း → ၆ လ ပြည့်ပြီးနောက် ကလေးကို ပြန်လည် ကြည့်ရှုစစ်ဆေးခြင်း
  - ↓ ECCD လုပ်ငန်းသို့ညွှန်းပို့ခြင်း → အလယ်အလတ်အဆင့်မှ အနည်းငယ်သာကြပ်မတ်ရသည့် ဝန်ဆောင်မှုများသို့ လွှဲပေးခြင်း
- ↓
- တစ်ဦးချင်းအလိုက် ဝန်ဆောင်မှုလုပ်ငန်းအတွက် ပြင်ဆင်ခြင်း
- ↓
- ပုံမှန်အိမ်နှင့်/(သို့)ကလေးစောင့်ရှောက်သူအိမ်အရောက်နှင့် မိသားစုထောက်ပံ့လုပ်ငန်း
- ↓
- ပုံမှန်ပြန်လည်အကဲဖြတ်ခြင်းနှင့် အစီအစဉ် ပြန်လည်ပြင်ဆင်ခြင်း
- ↓
- အစီအစဉ်ပြီးသည်အထိ (သို့) လွှဲပြောင်းသည်အထိဆက်လက်ပံ့ပိုးခြင်း
- ↓
- အစီအစဉ်ပြီးဆုံးခြင်းနှင့် လိုအပ်သလို နောက်ဆက်တွဲ ဆောင်ရွက်ခြင်း (သို့) ကူးပြောင်းရေးအစီအစဉ်ပြင်ဆင်ခြင်း
  - → ကူးပြောင်းရေးအစီအစဉ်လုပ်ဆောင်ခြင်း
  - ↓ အကျုံးဝင် မူကြို သူငယ်တန်း (သို့) အခြေခံပညာကျောင်းသို့ တက်ရောက်ခြင်း
  - ↓ ဆရာများကို လိုအပ်သလိုပံ့ပိုးကူညီခြင်း

